World Food Programme
Programme Alimentaire Mondial
Programa Mundial de Alimentos
برنامج الأغذية العالمي

သတင်းထုတ်ပြန်ချက်

၂၀၂၁ ခုနှစ်၊ ဩဂုတ်လ (၆) ရက်

## မြန်မာနိုင်ငံအတွင်း ဆာလောင်ငတ်မွတ်မှု ပိုမိုမြင့်တက်လာသည်နှင့်အမျှ ရန်ပုံငွေလိုအပ်ချက်ကြောင့် WFP ၏ အသက်ကယ်ဆယ်ရေးလုပ်ငန်းများ အဟန့်အတားကြုံတွေ့လျက်ရှိ

ရန်ကုန်။ ။ မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) ၏ အသက်ကယ်ဆယ်ရေးလုပ်ငန်းများအတွက် လျာထားသည့် ခြောက်လတာကာလ ရန်ပုံငွေ၏ (၇၀) ရာခိုင်နှုန်းသည် ပြည့်မီခြင်းမရှိသေးသည်ကြောင့် အဆိုပါလုပ်ငန်းများဆက်လက်ဆောင်ရွက်ရန် အခက်အခဲကြုံတွေ့နေရကြောင်း WFP က ယနေ့ ထုတ်ပြန်သတိပေးသည်။

မြန်မာနိုင်ငံရှိ မိသားစုများသည် အလုပ်အကိုင်ဆုံးရှုံးမှု၊ စားနပ်ရိက္ခာနှင့် လောင်စာဆီဈေးနှုန်းမြင့်တက်မှု၊ နိုင်ငံရေးမငြိမ်သက်မှု၊ အကြမ်းဖက်မှုနှင့် နေရပ်စွန့်ခွာရမှုများအကြားတွင် ခက်ခဲစွာရုန်းကန်နေရချိန် ယခုအခါ နိုင်ငံအတွင်း COVID-19 ကူးစက်မှုများ ပြင်းထန်ကျယ်ပြန့်စွာဖြစ်ပေါ်လာသဖြင့် ငတ်မွတ်မှုဘေးဒဏ်ကို ပိုမိုမြင့်တက်စွာ ခံစားနေကြရပါသည်။

ဆာလောင်ငတ်မွတ်မှုကို ရင်ဆိုင်နေရသော လူဦးရေသည် ဖေဖော်ဝါရီလမတိုင်မီ (၂.၈) သန်း ရှိခဲ့ရာမှ လာမည့်ခြောက်လအတွင်းတွင် နှစ်ဆတိုးပြီး (၆.၂) သန်းအထိ ရှိလာနိုင်သည်ဟု ဧပြီလတွင် WFP က ခန့်မှန်းခဲ့ပါသည်။ WFP ဆောင်ရွက်လျက်ရှိသော နောက်ဆက်တွဲစောင့်ကြည့်စစ်တမ်းများအရ ဖေဖော်ဝါရီလမှစတင်ကာ အကျဉ်းအကျပ်ထဲရောက်နေသည့် မိသားစုများ ပိုမိုများပြားလာပြီး မိသားစုထမင်းဝိုင်းအတွက် အခြေခံအကျဆုံး အစားအစာများ ရရှိနိုင်ရေးကိုပင် ရုန်းကန်နေကြရပါသည်။

"မြန်မာနိုင်ငံမှာ ဆာလောင်ငတ်မွတ်မှုဟာ ပိုမိုတိုးများလာသလို ပိုဆိုးရွားလာတာကို ကျွန်တော်တို့ တွေ့မြင်နေရပါတယ်။ ရန်ကုန်မြို့တစ်ဝိုက်က ပျံကျရပ်ကွက်တွေမှာ နေထိုင်တဲ့ အိမ်ထောင်စု (၉၀) ရာခိုင်နှုန်း နီးပါးဟာ ငွေချေးယူပြီး အစားအစာဝယ်ယူနေကြရပါတယ်။ သူတို့ ဝင်ငွေဟာလည်း တော်တော်လေးကို ကျဆင်းသွားပါတယ်။" ဟု WFP ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Stephen Anderson က ပြောပါသည်။

မေလမှ စတင်၍ WFP သည် မြန်မာနိုင်ငံ၏ အကြီးဆုံးမြို့ကြီးနှစ်မြို့ဖြစ်သော ရန်ကုန်နှင့် မန္တလေးမြို့တို့ရှိ လူဦးရေ (၂) သန်းကျော်အတွက် စားနပ်ရိက္ခာအထောက်အပံ့ စီမံချက်အသစ်တစ်ခုကို စတင်အကောင်အထည်ဖော်ခဲ့ပါသည်။ အဆိုပါအထောက်အပံ့များကို အများစုအနေဖြင့် မိခင်များ၊ ကလေးငယ်များ၊ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများက လက်ခံရရှိကြသည်။ ယနေ့အထိဆိုလျှင် မြို့နေလူဦးရေ ၆၅၀,၀၀၀ ခန့်အား ကူညီပေးနိုင်ခဲ့ပြီဖြစ်ပါသည်။

ဖေဖော်ဝါရီလမှစ၍ လူဦးရေပေါင်း ၂၂၀,၀၀၀ ကျော်သည် အကြမ်းဖက်မှုများကြောင့် နေရပ်စွန့်ခွာထွက်ပြေးခဲ့ရပြီး လူသားချင်းစာနာထောက်ထားမှုအကူအညီများအား အရေးပေါ်လိုအပ်လျက်ရှိသည်။ WFP သည် မကြာမီက နေရပ်စွန့်ခွာရွှေ့ပြောင်းခဲ့ရသူ ၁၇,၅၀၀ ဦးကို ထောက်ပံ့ကူညီနိုင်ခဲ့ပြီး၊ ဩဂုတ်လတွင် တိုးချဲ့ကူညီသွားရန် ကြိုးပမ်းလျက်ရှိသည်။ ၂၀၂၁ ခုနှစ်အတွင်း WFP သည် မြို့ပြဒေသများနှင့် ကျေးလက်ဒေသများရှိ လူဦးရေ စုစုပေါင်း (၁.၂၅) သန်းအတွက် စားနပ်ရိက္ခာ၊ ငွေသားနှင့် အာဟာရ အထောက်အပံ့များကို ပေးအပ်ထောက်ပံ့နိုင်ခဲ့ပြီးဖြစ်သည်။

သို့သော်လည်း လာမည့်ခြောက်လအတွက် ရန်ပုံငွေလိုအပ်ချက် အမေရိကန်ဒေါ်လာ (၈၆) သန်း ရှိသောကြောင့် အဆိုပါကူညီကယ်ဆယ်ရေးလုပ်ငန်းများအား မည်မျှအထိ ဆက်လက်ဆောင်ရွက်နိုင်မည်ကိုမူ တပ်အပ်မပြောနိုင်ပေ။

"အခုချိန်မှာ မြန်မာပြည်သူပြည်သားတွေဟာ သူတို့ရှင်သန်ခဲ့တဲ့ ကာလတစ်လျှောက် အခက်ခဲဆုံးအခိုက်အတန့်ကို ရင်ဆိုင်နေကြရပါတယ်။ လူသားချင်းစာနာထောက်ထားမှု အကူအညီတွေပေးနိုင်ဖို့အတွက် ရံပုံငွေရရှိရေးနဲ့ အထောက်အပံ့လိုအပ်နေတဲ့သူတွေအားလုံးထံ သွားရောက်ထောက်ပံ့ခွင့်ရရေးဟာ ကျွန်တော်တို့အတွက် အင်မတန်မှအရေးကြီးပါတယ်။" ဟု Mr. Stephen Anderson က ပြောသည်။

"အခုဆိုရင် မြန်မာပြည်သူပြည်သားတွေဟာ ကျွန်တော်တို့ရဲ့ အကူအညီအထောက်အပံ့တွေကို အရင်ကကြုံတွေ့ဖူးသမျှထက် ပိုမိုပြီး လိုအပ်နေပါတယ်။ နိုင်ငံတကာအသိုင်းအဝိုင်းရဲ့ ကူညီပံ့ပိုးပေးမှုကိုလည်း ကျွန်တော်တို့အနေနဲ့ အထူးပဲကျေးဇူးတင်ပါတယ်။ မြန်မာပြည်သူပြည်သားတွေဟာ သူတို့အတွက် ရက်ရက်ရောရော ကူညီပံ့ပိုးတာ၊ သူတို့နဲ့ တစ်စည်းတစ်လုံးထဲ အတူရှိပေးတာကို ဘယ်တော့မှမေ့မှာမဟုတ်ပါဘူး။ " ဟု Mr. Stephen Anderson က ပြောပါသည်။

- **ရုပ်သံထုတ်လွှင့်နိုင်မည့် ဗွီဒီယိုဖိုင်များကို ဤနေရာတွင် ရယူပါ**
- **သတင်းဓာတ်ပုံများကို ဤနေရာတွင် ရယူပါ**
- **ဓာတ်လမ်းဆောင်းပါးကို wfp.org မှတစ်ဆင့် ဤနေရာတွင် ဖတ်ရှုနိုင်ပါသည်**
- **WFP ရန်ကုန်၏ စားနပ်ရိက္ခာ ဖူလုံရေးစောင့်ကြည့်မှု မှတ်တမ်း (၂၀၂၁ ခုနှစ် မေလ) ကို ဤနေရာတွင် ရယူပါ**

# # #

ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်သည် ၂၀၂၀ ခုနှစ် ငြိမ်းချမ်းရေးနိုဘယ်ဆုရှင်ဖြစ်သည်။ ကျွန်ုပ်တို့သည် ကမ္ဘာ့အကြီးမားဆုံး လူသားချင်းစာနာထောက်ထားမှု အကူအညီပေးအပ်ရေး အဖွဲ့အစည်းဖြစ်သည်။ အရေးပေါ် အခြေအနေများတွင် လူ့အသက် ကယ်တင်ခြင်းနှင့် စားနပ်ရိက္ခာအထောက်အပံ့များမှတစ်ဆင့် ပဋိပက္ခ၊ သဘာဝဘေး အန္တရာယ်များနှင့် ရာသီဥတုပြောင်းလဲခြင်း အကျိုးသက်ရောက်မှုများမှ ပြန်လည်ထူထောင်ကာ ငြိမ်းချမ်းရေး၊ တည်ငြိမ်မှုနှင့် သာယာဝပြောမှုတို့ကို ဖော်ဆောင်တည်ဆောက်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

World Food Programme
Programme Alimentaire Mondial
Programa Mundial de Alimentos
برنامج الأغذية العالمي

WFP ကို တွစ်တာတွင် @WFP_Media နှင့် @WFPAsiaPacific တို့မှတစ်ဆင့် ချိတ်ဆက်နိုင်ပါသည်။

ပိုမိုသိရှိလိုပါက ဆက်သွယ်ရန်

Kun Li, WFP/Bangkok, Tel. +66 845558994
James Belgrave, WFP/Rome, Tel. +263 7800 56904 / +39 366 529 4297
Tomson Phiri, WFP/ Geneva, Mob. +41 79 842 8057
Nina Valente, WFP/ London, Mob. +44  796 406 5430
Steve Taravella, WFP/ Washington, Mob.  +1 202 770 5993